# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၁၉)ရက်မြောက်နေ့ အစီအစဉ်

## [ ၂-၅- ၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဆာဒါ အာယက်ဇ် ဆာဒစ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၏ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အနေဖြင့် မော်လိုက်မြို့ဆိပ်ကမ်း မြေထိန်းနံရံအား ၂၀၁၆ မြစ်ရေမတက်မီ အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့ပြုလုပ်လျက်ရှိရာ ရပ်ကွက်အတွင်း/ ကျေးရွာအနီးအပါး တာဝါတိုင်များ တည်ဆောက်ခြင်းသည် မည်မျှအကျိုးရှိသည်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ရှိ၊ မရှိကို ပြည်သူအများ ရှင်းလင်းစွာ သိရှိအောင် မြန်မာ့အသံနှင့် အခြားမီဒီယာမှ ပညာပေး ရှင်းလင်းရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ စစ်တွေမြို့မှ တောင်ပိုင်း ခရိုင်များရှိ မြို့နယ်အသီးသီးသို့ ပို့ဆောင်သွားလာခဲ့သည့် ရေကြောင်း ပို့ဆောင်ရေးဌာနပိုင် သင်္ဘောခရီးစဉ်များကို လက်ရှိ အစိုးရလက်ထက်၌ ပြန်လည်စီစဉ်ပေးပါမည်လား၊ စီစဉ်မဆောင်ရွက်နိုင်ပါက မည်သည့် အတွက်ကြောင့်ကို သိရှိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဥပဒေကြမ်းကော်မတီက “ နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း” ကို တင်သွင်းခြင်း၊

၈။ “ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် “ နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။